ဖွင့် (၁)

**သခင်ယေရှုသည် မိမိတို့အား အစွယ်ရောက်ပြီး ရင့်ကျက်သော ခရစ်ယာန်များ အနေအထားသို့ ကြီးထွားလာစေရန် အလိုတော်ရှိသည်။**

**မိမိ**တို့ ကယ်တင်ခြင်းခံရသောအခါ သို့မဟုတ် "ဒုတိယမွေးခြင်း" ကိုခံရသောအခါ (ယော ၃း ၃–၈) ဝိညာဉ်ရေးအရပြောရလျှင် မိမိတို့သည် ပထမ တွင် ကလေးသူငယ်များကဲ့သို့ ဖြစ်သည်။ ကလေးသူငယ်များ ကျန်းမာစွာဖြင့် ကြီးထွားလာရန် နေ့စဉ်အာဟာရနှင့် လေ့ကျင့်မှုများ လိုအပ်သည့်နည်းတူ မိမိတို့သည်လည်း ဝိညာဉ်ရေး အာဟာရနှင့် လေ့ကျင့်မှုများအား နေ့စဉ်လိုအပ်သည်။ သို့သော် ခရစ်ယာန်များစွာတို့က မိမိတို့၏ဝိညာဉ်ရေး လအနည်းငယ် သို့မဟုတ် နှစ်အနည်းငယ်အကြာမှာပင် ကြီးထွား မှုရပ်ဆိုင်းသွားခဲ့သည်။ ၎င်းတို့ဆက်၍ မကြီးလာ၊ မရင့်ကျက်လာခဲ့တော့ပါ။ မိမိ တို့အနေနှင့် လေ့လာသင်ကြားရန် လိုအပ်သမျှကို သင်ကြားခဲ့ပြီးပြီဟု သူတို့ကထင်ခဲ့ပြီး သခင်ယေရှုက ၎င်းတို့အားဖြစ်စေလိုသည့် ခရစ်ယာန်မျိုး ဘယ်သောအခါမျှ ဖြစ်မလာ ခဲ့တော့။ တာဝန်ဝတ္တရားများစွာအား သယ်ပိုးခံယူနိုင်စွမ်းရှိပြီး လိုအပ်လာသည့်အချိန်တွင် ကိုယ်ကျိုးစွန့်အနစ်နာခံနိုင်သည့် ခရစ်ယာန်မျိုးဖြစ်လာနိုင်တော့ပါ။

ဘုရားသခင်၏ နှုတ်ကပတ်တော်၌ သခင်ယေရှုသည်ပင်လျှင် "ဆင်းရဲဒုက္ခကို ခံသောအားဖြင့် နားထောင်ခြင်း အကျိုးအကြောင်းကို သင်တော်မူ၏" (ဟေဗြဲ ၅း၈) (လုကာ ၂း၅၂) တွင်လည်း "ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏" ဟုဆိုသည်။ နေ့စဉ် မိမိတို့သည် အသစ်အသစ်သော နာခံခြင်းတို့ကို လေ့လာသင်ကြားရာ၌ အချို့က ပို၍ခက်ခဲလာပြီး အချို့က ပို၍လွယ်ကူလာခဲ့ရာ ယင်းက ကြီးပြင်းလာခြင်းနှင့်တူသည်။

ဝိညာဉ်ရေးဆိုင်ရာ ရင့်ကျက်မှုက အချိန်နှင့်သာ လုံးလုံးလျားလျား သက်ဆိုင် သည့် အကြောင်းအရာမဟုတ်။ ယင်းက သင်နှင့် သခင်ယေရှု၊ သူ၏နှုတ်ကပတ်တော်တို့၏ ဆက်နွယ်မှု၊ သင်၏နာခံမှုနှင့် နှိမ့်ချမှုတို့နှင့် အများဆုံးသက်ဆိုင်သော အကြောင်းအရာဖြစ် သည်။ သူ့အနေနှင့် တာဝန်သိသိလုပ်ဆောင်ရန် သင်ကြားနားလည်ပြီး အခြားသူများ အတွက် စဉ်းစားတတ်လာသောအခါ ကလေးတစ်ယောက်က အမှန်ပင်လူကြီးတစ်ယောက် ဖြစ်လာခဲ့ရာ ခရစ်ယာန်များနှင့်လည်း ဤအတိုင်းပင်ဖြစ်သည်။ ထိုအရာက ဝိညာဉ်ရေးဆိုင် ရာ ရင့်ကျက်မှုပင် ဖြစ်သည်။